**Google ကိုကောင်းကောင်း အသုံးချကြရအောင်**

ကျွန်တော်သိသမျှ Google ရဲ့ ကနေရနိုင်တဲ့ ဂန်ဆောင်မှုတွေနဲ့ အသုံးချဆောဖ့်ဂဲတွေ အကြောင်းကို ဖောက်သည်ချ ဂေမျှပေးလိုက်ပါတယ် ...
ပတမဦးဆုံးနဲ့ လူတိုင်းသိနေတဲ့ Google ရဲ့ ဂန်ဆောင်မှုကတော့ အင်တာနက်သုံးတဲ့သူ အတော်များများရဲ့ အင်တာနက်ကြည့် ဆောဖ့်ဂဲ ( Web Browser ) တွေမှာ မူလစာမျက်နှာ ( Home page ) အဖြစ်ထားကြတဲ့ ရှာဖွေရေးအင်ဂျင် ( Search Engine ) wwww.google.com ပါ...

အခုဆက်ပြီး ဖောက်သည်ချမှာကတော့ Google Pack ဆိုတဲ့ ဆောဖ့်ဂဲ အစုအဂေးလေးပါ ...
အဲဒီမှာ-

- Google ကထုတ်တဲ့ ဆောဖ့်ဂဲ ၇ မျိုး
- သီးခြားထည့်သွင်းထားတဲ့ ဆောဖ့်ဂဲ ၇ မျိုး

စုစုပေါင်း ၁၄ မျိုး ပါဂင်ပါတယ်။
ဒီဆော့ဖ်ဂဲ Pack လေးထဲမှာ ကျွန်တော်တို့ ကွန်ပျူတာတွေအတွက် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်တဲ့ အသုံးဂင်တဲ့ ဆော့ဖ်ဂဲ တွေပါဂင် ပါတယ်။ Download ပြုလုပ်ဖို့ လိုတဲ့ဆော့ဖ်ဂဲ ကိုပဲ ရွေးပြီး စက်ထဲကို Install လုပ်ဖို့ အလွန်လွယ်ပါတယ်။ Update အတွက်လည်း အထဲမှာပါတဲ့ ဆော့ဖ်ဂဲ တွေက လုပ်ဆောင်ပေးမှာမို့ အဆင်ပြေပါတယ်။ အဆင်အပြေဆုံးကတော့ အလကားပေးထားတာမို့ Copyright ကိစ္စတွေ ရှင်းတာပါပဲ။

**Google ကထုတ်တဲ့ ဆောဖ့်ဂဲလ် ၇ မျိုး**

1. **Google earth** - ကမ္ဘာကြီးကို သုံးဘက်မြင် (3D) ကြည့်နိုင်သည်။ အာကာသမှသည် လမ်းမပေါ် အထိ ချဲ့ကြည့်၊ အနီးကပ်ဆွဲကြည့်ခြင်းများ ပြုနိုင်သည်။ မြေပုံများ၊ ယာဉ်မောင်းလမ်းညွှန်များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ စသည်တို့ကို ရှာဖွေကြည့်ရှုနိုင်သည်။
2. **Picasa** - ရုပ်ပုံဆိုင်ရာ လုပ်ငန်းများအတွက် ဖြစ်သည်။ ကွန်ပျူတာ အတွင်းရှိ ဓါတ်ပုံများကို စက္ကန့် ပိုင်းအတွင်း ရှာဖွေခြင်း၊ ပြင်ဆင်တည်းဖြတ်ခြင်း နှင့် ဂေမျှခြင်းများ ဆောင်ရွက် ပေးနိုင်သည်။ ပုံများအတွင်းရှိ Red eyes များကို အလွယ်တကူ ဖယ်ထုတ်ပေးနိုင်ပြီး အမှားအယွင်းများကို ပြင်ဆင်ပေးနိုင်သည်။
3. **Photo Screensaver** - ကွန်ပျူတာအတွင်းမှ ပုံများနှင့် photo sharing ဂက်ဘ်ဆိုက်များမှ ရုပ်ပုံများကို ဖော်ပြပေးနိုင်သည်။ ရုပ်ရှင်ဆန်သော ဆလိုက်ရှိုးများ ကြည့်နိုင်သည်။
4. **Video player** - ဗီဒီယိုများ ကြည့်ရှုနိုင်သည်။

5. **Desktop** - မိမိတို့၏ အီးမေးလ်များ၊ ဖိုင်များ၊ ကြည့်ခဲ့သော ဝက်ဘ်စာမျက်နှာများ အစရှိသည်တို့ကို အားလုံး ရှာဖွေပေးနိုင်သည်။ မိမိတကိုယ်ရေ အသုံးပြုနေသော အချက်အလက်များ အားလုံးကို Desktop ပေါ်တွင် တစ်နေရာတည်း စုစည်းပေးထားနိုင်သည်။
6. **Toolbar for IE** - IE( Internet Explorer) အသုံးပြုသူများအတွက် ဖြစ်သည်။ မည်သည့် ဝက်ဘ် စာမျက်နှာကိုမဆို ရှာပေးနိုင်ပြီး Form များတွင် အလိုအလျောက် ဖြည့်ပေးခြင်းများ လုပ်ပေးနိုင်သည်။
7. **Talk** - အားလုံးသိပြီးသား ဖြစ်သည့် အတိုင်း မိမိတို့၏ ရောင်းရင်းများဆီသို့ အဆက်အသွယ်ပြုလုပ်ခြင်း၊ အသံဖြင့် စကားပြောခြင်း၊ ဖိုင်များ အပြန်အလှန်ပေးပို့ လက်ခံခြင်း များ ဆောင်ရွက်နိုင်သည်။

**သီးခြားထည့်သွင်းထားတဲ့ ဆော့ဖ်ဝဲ ၇ မျိုး**

1. **Mozilla Firefox with Google Toolbar** - မိုဇီလာ ကော်ပိုရေးရှင်း မှထုတ်လုပ်သော အင်တာနက် ကြည့်နိုင်သည့် ဆော့ဖ်ဝဲဖြစ်သည်။ အင်တာနက်ကို လျင်မြန်စွာ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။ Tabbed browsing နည်းပညာကို အသုံးပြုထားသဖြင့် Browser Window တစ်ခုအတွင်း ဝက်ဘ် စာမျက်နှာများစွာကို ထည့်သွင်းကြည့်ရှုနိုင်စေသည်။
2. **Norton Security Scan** - Symantec ကုမ္ပဏီမှ ထည့်ထားသော လုံခြုံရေး ဆော့ဖ်ဝဲ ဖြစ်သည်။ Virus နှင့် Internet worn များကို ရှာဖွေ ဖျက်ဆီးပေးသည်။ အခမဲ့ update ပြုလုပ်ခြင်း အချိန်သတ်မှတ်ပေးပြီး Scan ပြုခြင်းများ ဆောင်ရွက်ပေးနိုင်သည်။
3. **Adobe Reader -** PDF ဖိုင်များကို ကြည့်ရှုခြင်း၊ ရှာဖွေခြင်းများ လုပ်ဆောင် ပေးနိုင် င်ပေးသည်။ on-line ပေါ်တွင် အစည်းအဝေးများ၊ real-time meeting များအတွက် လိုအပ်သော စာရွက်စာတမ်းများကို လုံခြုံ စိတ်ချစွာ အသုံးပြုနိုင်စေသည်။
4. **Spyware Doctor** - PC tools များမှ ပေးထားသော ဆော့ဖ်ဝဲတစ်ခု ဖြစ်သည်။ Spyware, Adware, Trojan နှင့် Keylogger များကို စစ်ဆေး ဖယ်ရှားပေးသည်။ အလိုအလျောက် update လုပ်ပေးပြီး ကွန်ပျူတာကို အချိန်မှန် စစ်ဆေးပေးနိုင်သည်။
5. **RealPlayer** - ခေတ်စားနေသော မီဒီယာ format အမျိုးမျိုးကို ဖွင့်ပေးနိုင်ပြီး သီချင်းနှင့် ဗီဒီယိုများကို စုစည်းပေးနိုင်သည်။ သီချင်းများကို iPod စသည့် အိပ်ဆောင် သီချင်းဖွင့်စက်များသို့ ကူးပြောင်းပေးနိုင်သည်။
6. **Skype** - Skype အသုံးပြုသူအချင်းချင်း အသံ နှင့် ဗီဒီယို အသုံးပြုဆက်သွယ်မှုများ ပြုလုပ်နိုင်သည်။ ကြိုးဖုန်း နှင့် မိုဘိုင်းဖုန်းများသို့ အလွန်ချိုသာသော ဈေးနှုန်းဖြင့် ခေါ်ဆို ဆက်သွယ်နိုင်သည်။

7. **GalleryPlayer HD Images** - အရည်အသွေးမြင့် အနုပညာဖန်တီးမှုများ နှင့် ဓါတ်ပုံဆိုင်ရာ ဆောင်ရွက်မှုများအတွက် ဖြစ်သည်။

**System Requirements**
ဒီဆော့ဖ်ဂဲတွေကို အသုံးပြုနိုင်ဖို့ အတွက် Windows XP / Vista တွေမှာ အက်ဒမင် အခွင့်အရေးနဲ့ အသုံးပြု နိုင်ရမယ်။ Firefox 1.0 နဲ့ အထက် IE 6.0 နဲ့ အထက် ဖြစ်ရပါမယ်။

Google ကပေးနေတဲ့ အခမဲ့ ဂန်ဆောင်မှုတွေက အများကြီးပါ။(နောက်မှ ဆက်ရေးသွားမှာပါ)
အဲဒီဟာလေးတွေကို ထိထိ ရောက်ရောက် အသုံးပြုနိုင်ရင် အချိန်ကုန် လူပန်းသက်သာပြီး အင်တာနက်ထဲမှာ လိုချင်တာ လုပ်ချင်တာတစ်ခုကို အမြန်ဆုံးရနိုင် အသုံးချနိုင်မှာ အသေအချာပါပဲ...